BURMESE

၂၀၁၅ခုနှစ် လက်လွှဲယူမှုခံရသည့် ကျောင်းများ -

ရေရှည်ရှုန်းကန်နေရသော ကျောင်းများ နှင့် ရုန်းကန်မြဲ ကျောင်းများ အတွက်

# ကျောင်း လူမှုအဖွဲ့အစည်း တွေ့ဆုံပွဲ

## မိဘများသည် ကလေးများ၏ ပညာရေး တိုးတက်မှုအတွက် အရေးပါသည့် ကဏ္ဍမှ ပါဝင်သည်။

# ကျေးဇူးပြု၍ ပူးပေါင်းပါဝင်ပါ!

ဘာကြောင့်လဲ? – ရေရှည်ရုန်းကန်နေသော ကျောင်းများ (၁၀နှစ် တောက်လျှောက် အောင်မြင်ချက် နည်းပါးသည့် ကျောင်းများ) နှင့် ရုန်းကန်နေမြဲ ကျောင်းများ (အထူးဂရုပြု ကျောင်းများ) တို့မှ ကျောင်းသားများ၏ အရည်အသွေးအား မြှင့်တင်ရန်အတွက် ရာထားချက် အချိန်အတိုင်းအတာ သတ်မှတ်ရန် နယူးယောက်ပြည်နယ် ပညာရေး ဥပဒေမှ ပြဌာန်းအပ်သည်။

ထိုကျောင်းများအား ကူညီထောက်ပံ့ရန်အတွက် ခရိုင်မှ အောက်ပါတို့အား ပြုလုပ်သွားမည် ဖြစ်သည် -

- လက်လွှဲယူမှု ရရှိနိုင်သော ကျောင်းများအား မိဘများ နှင့် အုပ်ထိန်းသူများ သိရှိစေရန် နှစ်စဉ် အသိပေးခြင်း၊
- လက်လွှဲယူမှု သဘောတရား နှင့် ကျောင်းလုပ်ဆောင်ချက်များကို ဆွေးနွေးနိုင်ရန် လူထုအစည်းအဝေးများ နှစ်စဉ် ကျင်းပခြင်း၊
- ကျောင်းအုပ်ကြီး၊ မိဘများ/အုပ်ထိန်းသူများ၊ ဆရာများ၊ အခြား ကျောင်းဝန်ထမ်းများ နှင့် ကျောင်းသားများ ပါဝင်သည့် လူမှုအခြေပြု ပူးပေါင်းဆက်ဆံဆောင်ရွက်ရေး အသင်း (CET) တခုစီ ကျောင်းအသီးသီး၌ တည်ဆောက်ခြင်း။

ပညာရေးမှူးသည် ကျောင်းများအား ဥပဒေတွင် ဖေါ်ပြအပ်သည့် အရည်အသွေးမြှင့် လုပ်ဆောင်ချက် တိုင်းတာမှုများ နှင့် ပန်းတိုင်များအား ရရှိအောင်မြင်နိုင်ရန်အတွက် ထောက်ပံ့ကူညီသွားမည် ဖြစ်သည်။ လက်လွှဲယူသူအနေဖြင့်၊ ပညာရေးမှူးတွင် ကျောင်းအုပ်ချုပ်ရေး၊ ကျောင်းဝန်ထမ်းခန့်အပ်ရေး နှင့် ဘဏ္ဍာရေး တို့အပါအဝင် ကျောင်းတိုးတက်မှုတို့ကို ဆောင်ရွက်နိုင်ရန် အခြားသော ကိစ္စရပ်များကိုပါ ပြုလုပ်နိုင်သည့် အခွင့်အာဏာ ရရှိမည် ဖြစ်သည်။

ကလေးများ ပညာရေး ကျွမ်းကျင်တိုးတက်လာနိုင်ရန် အကူအညီပေးရေးသည် အားလုံး၏ တာဝန်ဖြစ်သည်! ဘတ်ဖလိုး အစိုးရကျောင်းများသည် ၎င်း၏ ကျောင်းများ လက်လွှဲပြောင်းယူမှု အခြေအနေမှ လွတ်မြောက်ရေး အတွက် တိုးတက်မှု အစီအစဉ်များအား တည်ဆောက်၊ အကောင်အထည်ဖေါ်မည်။

ကျေးဇူးပြု၍ ပူးပေါင်းပါဝင်ပါ!!! ကျွန်ုပ်တို့၏ ကျောင်းသား၊ ကျောင်းသူများ ပညာရေး အောင်မြင်နိုင်ရေး အတွက် မိဘများ၊ လူမှုအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ရန် မျှော်ကိုးပေသည်။